KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဇန်နဝါရီလ ၂၄ရက်၊ ၂၀၂၄ခုနှစ် / KHRG စာအမှတ် - 23-369-I1

# ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ကျိုက်ထိုမြို့နယ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အသက် (၁၃)နှစ်အရွယ် ကလေးတစ်ဦး သေဆုံး (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ဒူးသထူ (သထုံ) ခရိုင်၊ ကျိုက်ထိုမြို့နယ်တွင် ဖြစ်ပွားခဲ့သည့်မြေမြှုပ်မိုင်းပေါက်ကွဲမှုအကြောင်းကို ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့တွင် အသက် (၁၃)နှစ်အရွယ်ရှိသော ယောကျ်ားလေးတစ်ဦးဖြစ်သူ မောင်ဟ---သည် ခရွဲကျေးရွာအုပ်စု၊ န---ကျေးရွာအနီးနားတွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိ၍ ဒဏ်ရာရရှိပြီး သေဆုံးသွားခဲ့သည်။ ထိုမြေမြှုပ်မိုင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀၇) လက်အောက်ခံ ပျူစောထီးလက်နက်ကိုင်တပ်ဖွဲ့မှ ထောင်ထားခဲ့သည်။ မောင်ဟ---သည် ကျေးရွာအနီးနားရှိ စားကျက်မြေတွင် နွားသွားကျောင်းနေသည့်အချိန်၌ မြေမြှုင်းမိုင်းကို နင်းမိခဲ့ခြင်းဖြစ်သည်။ မောင်ဟ---သည် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့သည်။ ထိုနေ့တွင် ဒေသခံရွာသားများသည် မြေမြှုပ်မိုင်းပေါက်ကွဲသံကိုကြားခဲ့သော်လည်း လက်နက်ကြီးပေါက်ကွဲသံဟုထင်၍ မောင်ဟ---အား သွားရောက်ကူညီခြင်းမရှိခဲ့ပေ။ အကြောင်းမှာ ထိုဒေသတွင် လက်နက်ကြီးပစ်ခတ်မှုသည် မကြာခဏဖြစ်ပွားလေ့ရှိခြင်းကြောင့်ဖြစ်သည်။ နောက်တစ်မနက်တွင် မောင်ဟ---၏မိသားစုသည် ၎င်း၏ရုပ်အလောင်းကို တွေ့ရှိခဲ့ပြီး ၎င်း၏အသုဘကို စီစဉ်ပေးခဲ့သည်။ သို့သော်လည်း SAC ထံမှ မည်သည့်လျော်ကြေးငွေ သို့မ ဟုတ် အကူအညီများ ရရှိခဲ့ခြင်းမရှိခဲ့ပေ။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးသထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းနင်းမိ၍ ထိခိုက်သေဆုံးမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ခရွဲကျေးရွာအုပ်စု၊ န---ကျေးရွာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| **အမည်** | မောင်ဟ--- |
| **အသက်** | ၁၃နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ဗမာလူမျိုး |
| **အိမ်ထောင် ရှိ/မရှိ** | - |
| **အလုပ်အကိုင်** | နွားကျောင်း |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ခရွဲကျေးရွာအုပ်စု၊ န---ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိရှိရ | မသိရှိရ | (တပ်မ ၄၄ လက်အောက်ခံမှ) ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀၇) လက်အောက်ခံ ပျူစောထီးအဖွဲ့ | ပျူစောထီးအဖွဲ့သည် န---ကျေးရွာတွင်အခြေစိုက်ပြီး ခမရ (၂၀၇) တပ်စခန်းသည်ကျိုက်ထိုမြို့ နယ်၊ သိမ်ဇရပ်မြို့တွင်တည်ရှိသည်။ | ပဲသီး (ပျူစောထီးခေါင်းဆောင်) |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| (KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည်) ကရင်အမျိုးသားအစည်းအရုံး (KNU) လက်အောက်ခံ ကျိုက်ထိုမြို့နယ်သတင်းနှင့်ပြန်ကြားရေးဌာနခွဲထံမှ ဤသတင်းအကြောင်းအရာများကို သိရှိခဲ့ရသည်။ ထို့နောက် KHRG ကွင်းဆင်းလုပ် |

သားသည် ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းခဲ့ပြီး မောင်ဟ---နှင့်နီးစပ်သည့်ရွာသားတစ်ဦးဖြစ်သူ ဂ---ထံမှ (လုံခြုံရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြ၍မရပါ) သတင်းအချက်အလက်များ အတည်ပြုရယူခဲ့သည်။

**(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။**

ဂ---သည် ထိခိုက်နစ်နာသူ မောင်ဟ---နှင့်ရင်းနှီးသိကျွမ်းသူတစ်ဦးဖြစ်သည်။ (၎င်းအား လုံခြုံရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြ၍မရပါ။) ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဂ---သည် KHRG အား မျှဝေပြောပြခဲ့သည်။ ဤသတင်းအကြောင်းအရာသည် မှန်ကန်ကြောင်း ဂ---မှ အတည်ပြုခဲ့ပြီး သူကိုယ်တိုင်လည်း မောင်ဟ---၏ဈာပနအတွက် အစ၊ အဆုံး စီစဉ်ဆောင်ရွက်ပေးခဲ့သူတစ်ဦးလည်းဖြစ်သည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဤဖြစ်စဉ်နှင့်ပတ်သက်၍ KHRG ကွင်းဆင်းလုပ်သားသည် မောင်ဟ---နှင့်ရင်းနှီးသိကျွမ်းသော အခြားသူတစ်ဦးကိုလည်း မေးမြန်းစုံစမ်းခဲ့သည်။

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့ မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့အနီးနားတွင် မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ နေ့လယ် (၂း၅၀)မိနစ်ခန့်တွင် ကျိုက်ထိုမြို့နယ်၊ ခရွဲကျေးရွာအုပ်စု၊ န---ကျေးရွာတွင်နေထိုင်သည့် မောင်ဟ---သည် အိမ်ကထွက်လာပြီး ရွာအပြင်သို့ နွားသွားကျောင်းခဲ့သည်။ ရွာအပြင်သို့ နွားသွားကျောင်းရန် သွားနေစဉ် မောင်ဟ---သည် မြေမြှုပ်မိုင်းတစ်လုံးနင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် မောင်ဟ---အား ထိမှန်၍သေဆုံးခဲ့သည်။ မောင်ဟ---သည် ဦးဝ---၏သားဖြစ်သည်။

ထိခိုက်သေဆုံးသွားသည့်မောင်ဟ---သည် အသက် (၁၃)နှစ်သာရှိသေးသည်။ မောင်ဟ---၏မိသားစုသည် အခြားရွာသားများမှ ပေးသည့် နေ့စားအလုပ်ဖြစ်သော မည်သည့်အလုပ်မဆိုလုပ်၍ စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသည်။ ထို့ကြောင့် မောင်ဟ---သည်လည်း ၎င်း၏မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရရှိရန် နွားကျောင်းသားအလုပ်ကိုလုပ်ခဲ့ရသည်။ အခင်းမဖြစ်ပွားခင် တစ်မနက်တွင် မောင်ဟ---သည် နွားသွားကျောင်းရန်အတွက် အိမ်က ထွက်လာခဲ့သည်။ နေ့လယ်တွင် မောင်ဟ---သည် အိမ်သို့ပြန်လာပြီး နေ့လယ်စာစားခဲ့သည်။ ထို့နောက် သူသည် နွားပြန်ကျောင်းရန်အတွက် စက်ဘီးတစ်စီးဖြင့် ပြန်သွားခဲ့သည်။ မောင်ဟ--- သည် လမ်းတွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့သည်။ မောင်ဟ---သည် အိမ်ကထွက်လာပြီးနောက် ခဏအကြာတွင် (ရွာမှာရှိသည့်) ရွာသားများသည် ပေါက်ကွဲမှုအသံကို ကြားခဲ့ရသည်။ သို့သော်လည်း ထိုပေါက်ကွဲမှုသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ကြောင်း (မောင်ဟ---နင်းမိပြီး ပေါက်ကွဲသွားသည့်မြေမြှုပ်မိုင်း) မသိရှိခဲ့ရပေ။ န---ရွာမှ ရွာသားများအနေဖြင့် ထိုပေါက်ကွဲမှုအသံသည် မည်သည့်ပေါက်ကွဲမှုဖြစ်ကြောင်း ခွဲခြား၍မရခဲ့ပါ။ အကြောင်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် ဒေသအတွင်း (၎င်းတို့တပ်စခန်းများဝန်းကျင်တွင်) မကြာခဏ လက်နက်ကြီးပစ်ခတ်လေ့ရှိသောကြောင့်ဖြစ်သည်။ ထို SAC စစ်သားများသည် အမြောက်တပ် (၃၁၀)နှင့် ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀၇)မှ တပ်သားများဖြစ်ကြပြီး ၎င်းတို့သည်

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့တွင် အခြေစိုက်သည်။ သိမ်ဇရပ်မြို့သည် န---ကျေးရွာနှင့်နီးသည်။ အဆိုပါ SAC စစ်သားများသည် ၎င်းတို့၏ရဲဘော်များ ရှေ့တန်းတိုက်ပွဲတွင် အသက်သေဆုံးသွားပါက သို့မဟုတ် တိုက်ပွဲတွင် အနိုင်ရရှိသွားပါက သို့မဟုတ် အရက်မူးနေသည့်အချိန်ဖြစ်ပါက လက်နက်ကြီးများအား ပစ်ခတ်လေ့ရှိသည်။ ဒေသခံရွာသားများသည် လက်နက်ကြီးပစ်ခတ်သံကို မကြာခဏကြားရလေ့ရှိသည်။ ထို့ကြောင့် ရွာသားများသည် မြေမြှုပ်မိုင်းပေါက်ကွဲသည့်အသံကို လက်နက်ကြီးပစ်ခတ်သံဟုသာ ထင်မြင်ခဲ့သည်။

(အခင်းဖြစ်ပွားပြီး) ညနေပိုင်းတွင် မောင်ဟ---သည် အိမ်သို့မပြန်ခဲ့ပေ။ ထို့ကြောင့် ၎င်း၏မိသားစုသည် သူ့အား လိုက်လံရှာဖွေခဲ့သည်။ သို့သော်လည်း ကျေးရွာအတွင်း မည်သည့်နေရာမှ၎င်းအားရှာမတွေ့ခဲ့ပါ။ ရွာသားများသည်လည်း ကူညီရှာဖွေပေးခဲ့သည်။ နောက်တစ်နေ့မနက်ပိုင်းတွင် န---ကျေးရွာအနီးရှိ တစ်နေရာ၌ စက်ဘီးတစ်စီးအနီးတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီးသေဆုံးနေသော မောင်ဟ---၏အလောင်းကို တွေ့ရှိခဲ့သည်။

(တပ်မ ၄၄ လက်အောက်ခံမှ) ခမရ (၂၀၇) အမိန့်အောက်တွင်ရှိသည့် ပြည်သူ့စစ်အဖွဲ့ဖြစ်သော ပျူစောထီးလက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ရှိသည်။ ထိုပျူစောထီးအဖွဲ့၏ခေါင်းဆောင်သည် ပဲသီးဖြစ်သည်။ အဆိုပါပျူစောထီးအဖွဲ့သည် န---ကျေးရွာတွင် အခြေစိုက်လှုပ်ရှားသည်။ ရွာသားများအနေဖြင့် ပျူစောထီးအဖွဲ့ဝင်ဟု ခွဲခြားသိရှိရန် ခက်ခဲသည်။ အကြောင်းမှာ ထိုပျူစောထီးအဖွဲ့သည် အရပ်သားလိုနေထိုင်ပြီး အရပ်သားအဝတ်သာ ဝတ်ဆင်ကြသောကြောင့်ဖြစ်သည်။ သို့သော်လည်း ထိုအဖွဲ့သည် မကြာခဏ သေနတ်ကိုင်ဆောင်လေ့ရှိပြီး SAC အား သတင်းပေးသည့်အလုပ်ကိုလည်း လုပ်ကြသည်။ တစ်ခါတစ်လေတွင်လည်း တိုက်ပွဲတွင် ပါဝင်ပစ်ခတ်ပေးကြသည်။ ပျူစောထီးအဖွဲ့သည် ရပ်ရွာလုံခြုံရေးဟု ခေါင်းစဉ်တပ်ပြီး ကျေးရွာအနီးနားတွင် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့ကြသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာအနီးဝန်းကျင်တွင် မည်သည့်လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ သွားလာလှုပ်ရှားခြင်းမရှိပေ။ ထို့ကြောင့် ၎င်းမြေမြှုပ်မိုင်းသည် ပျူစောထီးအဖွဲ့မှ ထောင်ထားခဲ့သည်ဟု ရွာသားများက ထင်မြင်ယူဆခဲ့သည်။ ပျူစောထီးအဖွဲ့သည် ကျေးရွာအတွင်း လက်နက်ကိုင်ဆောင်ပြီး မူးယစ်သောက်စားကာ သေနတ်များ ရမ်းသမ်းပစ်ခတ်မှုလည်းရှိသည်။ ပျူစောထီးအဖွဲ့သည် န---ကျေးရွာနှင့် အနီးအနားဝန်းကျင်ဒေသတွင် သွားလာလှုပ်ရှားလေ့ရှိသည်။

မောင်ဟ---၏မိသားစုသည် စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ဤကဲ့သို့ မောင်ဟ---သည် မြေမြှုပ်မိုင်းနင်းမိပြီး သေဆုံးသွားခဲ့သည့်အတွက်ကြောင့် ၎င်းမိသားစု၏စားဝတ်နေရေးအခြေအနေသည် ပို၍ခက်ခဲလာသည်။ သို့သော်လည်း SAC သည် ထိခိုက်နစ်နာသူ မောင်ဟ---၏မိသားစုအတွက် မည်သည့်နစ်နာကြေးမှ မပေးသည့်အပြင် တာဝန်ယူ၊ တာဝန်ခံမှုလည်း မရှိခဲ့ပေ။ လုံခြုံရေးအန္တရာယ်ရှိသောကြောင့် မောင်ဟ---၏မိသားစုနှင့် ဒေသခံရွာသားများသည် ဤဖြစ်စဉ်ကို SAC နှင့် ရွာတွင်ရှိသည့် ပျူစောထီးအဖွဲ့အား တင်ပြရန် လုံခြုံမှုမရှိဟု ခံစားရသည်။ မောင်ဟ---၏မိသားစုနှင့် ရွာသားများသည် မောင်ဟ---၏ဈာပနကို အကြောက်တရားကြားမှ တိတ်တဆိတ်စီစဉ်ဆောင်ရွက်ခဲ့ရပြီး ရွာသားများသည် မောင်ဟ---၏အလောင်းကိုပင်လျှင် ဓာတ်ပုံရိုက်ယူရန်လုံခြုံမှုမရှိကြောင်းခံစားရသည်။ အကြောင်းမှာ ပျူစောထီးအဖွဲ့မှ သိရှိသွားပါက အသုဘနေရာသို့ ရောက်ရှိလာမည်ကိုစိုးရိမ်သောကြောင့်ဖြစ်သည်။ မောင်ဟ---နှင့်ရင်နှီးသိကျွမ်းသည့်ရွာသူတစ်ဦးသည် (လုံခြုံရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြ၍မရ) သူမအနေဖြင့် မောင်ဟ---အား ဆုံးရှုံးရသည့်အတွက် အလွန်ဝမ်းနည်းကြောင်းတင်ပြခဲ့သည်။

ထို့အပြင် သူမအနေဖြင့် ရွာထဲတွင် ဤကဲ့သို့ဖြစ်စဉ်မျိုး နောက်တစ်ကြိမ်မဖြစ်ပွားစေလိုကြောင်း တင်ပြခဲ့သည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| KHRG ကွင်းဆင်းလုပ်သားမှ အင်တာဗျူးခဲ့သော ရွာသားများသည် ဤသတင်းအကြောင်းအရာများအား ရေးသားဖြန့်ဝေရန် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။ |




KHRG အနေဖြင့် အထက်ပါပုံများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ရက်နေ့တွင် ဒေသခံရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ အဆိုပါပုံ များကို ဒူးသထူခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ခရွဲကျေးရွာအုပ်စု၊ န---ကျေးရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ပုံတွင် သေဆုံးနေသော မောင်ဟ---၏ရုပ်အလောင်းကို ဖော်ပြထားသည်။ မောင်ဟ---သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့တွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းမြေမြှုပ်မိုင်းကို ကျေးရွာတွင် နေထိုင်သည့်ပျူစောထီးအဖွဲ့တပ်သားများက ထောင်ထားခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။